# News May 2017

ချစ်သောခရစ်ယာန်ညီအစ်ကိုမောင်နှမများခင်ဗျား။

ယူနီယံလူကြီးများ၏အားပေးမှုအားဖြင့် မြန်မာယူနီယံ၏သတင်းကို အချိန်နှင့်တပြေးညီ (up to date) ဖြစ်အောင်လုပ်ဆောင်နိုင်ရန် ဤနှစ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှစ၍ ဧပြီလအထိ တစ်လတစ်ကြိမ်သတင်းထုတ်ဝေဖြန့်ချိခြင်းကို သာသနာ့ဆက်သွယ်ရေးဌာနမှ လုပ်ဆောင်ခဲ့ပါသည်။ တိုင်းနယ်အသီးသီးမှလည်း အချို့သတင်းများကို ကြိုးစားပို့ပေးခဲ့သည့်အတွက် အထူးကျေးဇူးတင်ပါသည်။ ဆက်လက်၍ အချိန်နှင့်တပြေးညီ (up to date) သတင်းများထုတ်ဝေနိုင်ရန် ဝိုင်းဝန်း ကူညီပေးကြပါရန် လေးစားစွာ အသိပေးအပ်ပါသည်။

မြန်မာယူနီယံမှလူကြီးများနှင့်ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ၊ မစ်ရှင်မှ လူကြီးများနှင့်ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ၊ ဓမ္မတက္ကသိုလ်နှင့်အထက်တန်းကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများ၊ အထူးသဖြင့် မစ်ရှင်သာသနာ့ဆက်သွယ်ရေး ညွှန်ကြားရေးမှူးများအနေဖြင့် မိမိတို့၏နယ်အသီးသီးမှလုပ်ဆောင်သောသင်တန်းများ၊ တရားပွဲများ၊ အထူးအစီအစဉ်များနှင့် သာရေး/နာရေးဆိုင်ရာသတင်းများကို ဓါတ်ပုံနှင့်တကွ လကုန်ပြီး ပထမအပတ် (၅) ရက်နေ့အရောက် ယူနီယံသာသနာ့ဆက်သွယ်ရေးဌာနသို့ ပေးပို့ပေးပါရန်၊ မြန်မာယူနီယံ၏သတင်းနှင့်နည်းပညာ (I.T.) တာဝန်ခံ (Thang Pau) ၏ (Face Book) တွင်လည်းကောင်း၊ မိမိတို့၏လုပ်ဆောင်ခဲ့သော အကြောင်းအရာများကို ဓါတ်ပုံနှင့်တကွ တိုက်ရိုက်ပေးပို့ပေးပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

အမှုတော်မြတ်၌

ရှိုင်းသာဒွေး၊ ညွှန်ကြားရေးမှူး

ယူနီယံသာသနာ့ဆက်သွယ်ရေးဌာန



## "ရွှေပန်းတောလေးတရားပွဲ"

မေလ (၁) ရက်မှ (၁၀) ရက်နေ့အထိ အလယ်ပိုင်းတိုင်း၊ ဆင်ပေါင်ဝဲမြို့နယ်၊ ရွှေပန်းတောသာသနာနယ်၊ ရွှေပန်းတောလေးကျေးရွာတွင် တရားပွဲတစ်ခုကျင်းပခဲ့ကြောင်း။

မြန်မာယူနီယံဓမ္မရေးရာဌာနညွှန်ကြားရေးမှူး ဦးခင်မောင်လတ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းမှ E-Tithe အမှုဆောင်ဆရာဦးခင်မောင်တင်နှင့်ဇနီး၊ အတွင်းရေးမှူးဆရာဦးလှကွန်းနှင့်ဇနီး၊ နယ်မြေခံအမှုဆောင်များဖြစ်ကြသည့် ဆရာဦးကျော်ဝင်းနှင့်ဇနီး၊ သာမန်အသင်းသားကြီး ဦးပီတာနှင့်ဇနီး၊ ဦးစံခိုင်နှင့်ပြုံးကုန်းအသင်းသူ၊ အသင်းသားအချို့၊ ဆရာနေထွန်းအောင်နှင့်အဖွဲ့သားအချို့၊ ဆရာမအကက်စတာနှင့် ဆရာမလေးများ၊ ဆရာဦးကျော်ကျော်သိန်း၊ ဆရာမားကပ်စ်နှင့် The Jewel တေးဂီတအဖွဲ့သားများမှ တရားပွဲတွင်ဆက်ကပ်ပါဝင်ခဲ့ကြကြောင်း။

ရွှေပန်းတောလေးကျေးရွာသည် ဗုဒ္ဓဘာသာဝင်အများစုဖြစ်ပြီး နှစ်ခြင်းအသင်းသားအနည်းငယ်ရှိသည့်ရွာကြီးတစ်ရွာဖြစ်ကြောင်း၊ စီးပွားရေးတိုးတက်ကြီးပွားသည့်ရွာကြီးတစ်ရွာဖြစ်ကြောင်း၊ သတ္တမနေ့အသင်းသားတစ်ဦးမျှမရှိသေးသောရွာဖြစ်ကြောင်း၊ တရားပွဲကျင်းပရန် ဦးပီတာ၏ဆေးဝါးကျွမ်းကျင်မှုသင်တန်းမှ သင်တန်းသူများမှတဆင့်အဆက်ရပြီး၍တရားပွဲကိုကျင်းပခဲ့ကြောင်း၊ တရားပွဲအတွင်းနေ့စဉ် ရွာသူရွာသားများကိုအခမဲ့ဆေးကုသပေးခဲ့ပြီးညပိုင်းတွင်လည်း ဦးပီတာက ကျန်းမာခြင်းသတင်းကောင်းများကိုဝေငှခဲ့ကြောင်း။

ရွာ၏အလယ်ပိုင်းရှိ လူပျိုကြီး ဦးဖိုးငုံ၏ခြံဝင်းထဲတွင် တရားပွဲကိုစည်ကား သိုက်မြိုက်စွာကျင်းပခဲ့ကြောင်း၊ တေးသံရှင်ဒေါ်နီနီရှင်မှ မြန်မာသံစဉ်တေးသီချင်းများ သီဆိုပေးစဉ် ဆရာကတော်များက တေးသရုပ်ဖော် ကပြခဲ့ရာ ဓမ္မပရိသတ်များက ခရစ်ယာန်များလည်း၍သို့မြန်မာသံစဉ်တေးသီချင်းများသီဆိုကြောင်းအံ့သြကြပြီးဝမ်းသာစွာ လက်ခုတ်သြဘာပေးဂုဏ်ပြုခဲ့ကြကြောင်း။

၎င်းတရားပွဲမကျင်းပမီ လပိုင်းအလိုတွင် ဦးသံချောင်းဆိုသူ၏နေအိမ်နံရံတွင် ရွှေတိဂုံစေတီတော်တစ်ဆူပေါ်ထွက်ဖူးပွင့်ခဲ့ရာ မြန်မာပြည်အနှံ့မှရဟန်းပြည်သူများ လာရောက်ဖူးမြော်ကြကြောင်း သတင်းကိုကြားသိထားရသောကြောင့် ထိုသတင်းကို အမှီပြုလျက် ဆရာကြီးဦးခင်မောင်လတ်ကလည်း ဦးသံချောင်းနှင့်ရွာသူရွာသားများအား မကြာမီဖူးပွင့်လာတော့မည့်ဘုရားအကြောင်းကို သိရှိရန်ရှေ့ပြေးနိမိတ်ဖြစ်ကြောင်း၊ ညစဉ်ဟောပြောသက်သေခံဝေငှခဲ့ကြောင်း။

ရွာမှ ဗုဒ္ဓဘာသာကျောင်းထိုင်ဘုန်းတော်ကြီးမှ လာမည့်နှစ်တွင် သူ၏ဆွေမျိုးများနေထိုင်သည့်အခြားရွာတစ်ရွာတွင်လည်း ၎င်းခရစ်ယာန်တရားများသွားရောက် ဟော

ပြောပေးပါရန်၊ သူကိုယ်တိုင်လိုက်ပို့ပေးမည်ဖြစ်ကြောင်း၊ တရားပွဲအဖွဲ့သားများအား ဖိတ်ခေါ်ခဲ့ကြောင်း။

ဤကျေးရွာရှိ မိသားစု (၁၀) စု၊ လူဦးရေအားဖြင့် (၆၀) ဦးခန့်အနေဖြင့်လည်း မကြာမှီပြန်ကြွလာမည့် ကယ်တင်ရှင်ကိုလက်ခံရန်အဆင်သင့်ပြင်ဆင်လျက် ရှိနေကြောင်း၊ နောက်ဆက်တွဲအနေဖြင့် ဆရာဦးကျော်ဝင်း၊ ဦးပီတာ၊ ဦးစံခိုင်တို့မှ အနာဂတ္တိကျမ်း သင်ပေးခြင်း၊ ဗျာဒိတ်တော်အသံစာပေးစာယူဖြေကြားစေခြင်း၊ ကျမ်းစာကို ပိုမို သိရှိရန်သင်ကြားပေးခြင်းများ ဆက်လက်ပြုလုပ်နေကြကြောင်း၊ ဤနှစ်ဆုံးပိုင်းတွင် တရားပွဲ ထပ်မံပြုလုပ်ပြီးစုပေါင်းဝိညာဉ်ရိတ်သိမ်းခြင်း၊ ပြုလုပ်ရန် စီစဉ်ထားကြောင်း သတင်းရရှိပါသည်။

ယေရှု၏နာမတော်သည် ကမ္ဘာအဆက်ဆက်ဘုန်းကြီးပါစေသော်။ အာမင်။

သတင်းပေးပို့သူ

ဦးခင်မောင်လတ်၊ ညွှန်ကြားရေးမှူး

မြန်မာယူနီယံဓမ္မရေးရာဌာန။



# “ရန်ကုန်တိုင်း ကလေးများ၏တရားပွဲ”

ရန်ကုန်တိုင်းရှိ ကလေးများ၏တရားပွဲကို ၂၀၁၇ ခုနှစ်၊ မေလ (၃) ရက်မှ ၁၃ ရက်နေ့အထိ၊ အမှတ်၊ ၆၈၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်ရှိ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်တွင် ရန်ကုန်တိုင်း ကလေးသာသနာဌာနညွှန်ကြားရေးမှူး ဆရာမဒေါ်ဆောင်းဝေဝေဦးဆောင်လျက် ညစဉ် ၆ နာရီမှ ၉ နာရီအထိ ၁၀ ညတိုင်ပြုလုပ်ကျင်းပခဲ့ကြောင်း။

အဆိုပါ ကလေးများ၏တရားပွဲအစီအစဉ်တွင် ရန်ကုန်တိုင်းအတွင်းရှိ အသင်းတော်များဖြစ်သည့် ရန်ကုန်ဗဟိုအသင်းတော်၊ အလုံအသင်းတော်၊ ကံဘဲ့အသင်းတော်၊ မြောက်ဒဂုံအသင်းတော်၊ လှိုင်သာယာအသင်းတော်၊ သာယာဝတီနယ် အသင်းတော်များ၊ တွံတေးနယ်အသင်းတော်များမှ ကလေးများ အယောက် ၁၀၀ ကျော်တက်ရောက်ကြကြောင်း။

မေလ (၃) ရက်မှစတင်ကာ ညစဉ် အသင်းတော်အသီးသီးမှ ကလေးများအလှည့်ကျတရားဟောခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်း၊ ကျန်းမာရေးပြဇာတ်တိုပြသခြင်းဖြင့် ကလေးများပါဝင်ဆက်ကပ်ခဲ့ကြကြောင်း။

နောက်ဆုံးရက်တွင် ညစဉ်မှတ်သားထားသည့် ရမှတ်အများဆုံးနှင့်ညစဉ်မှန်ကန်စွာတက်ရောက်သူများ၊ တစ်ရက်ပျက်ကွက်သူများကို လှူပသည့်အရုပ်လေးများဖြင့် ဆုချပေးကြောင်း၊ ဤတရားပွဲအပြီးတွင် နှစ်ခြင်းခံယူသူပေါင်း (၂၅) ဦးရှိကြောင်း၊ သတင်းရရှိပါသည်။



## "နွေးထွေးသောလက်များ"

၂၀၁၇ ခုနှစ်၊ မေလ (၂) ရက်နေ့တွင် ယူနီယံကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဆရာဦးဆဲနေဦးဆောင်သော သုခရှိ Medical Missionary အဖွဲ့သားများသည် ပဲခူးဘိုးဘွားရိပ်သာရှိ ဘိုးဘွားများထံလည်ပတ်ပြီး ပါးစောင်ကင်ဆာဝေဒနာ ခံစားနေရသော အဘိုးတစ်ဦးအား ဆုတောင်းပေးခြင်းနှင့်သဘာဝကုထုံးဖြစ်သော မီးသွေးကုထုံးဖြင့် ကုသမှုပြုလုပ်ပေးခဲ့ကြကြောင်း၊ သတင်းရရှိပါသည်။



## "ရွှေတြိဂံနယ်ကျန်းမာရေးသာသနာ"

၂၀၁၇ ခုနှစ်၊ မေလ ၂ ရက်မှ ၅ ရက်အထိ မိုင်းဖြတ်မြို့နယ်၊ တော်ညကျေးရွာနှင့် နားယောင်းကျေးရွာတွင်လည်းကောင်း၊ မေလ ၇ ရက်မှ ၈ ရက်နေ့တွင် ကျိုင်းတုံမြို့နယ်၊ နောင်နူးရွာကွက်သစ်တွင်လည်းကောင်း၊ နေ့ပိုင်းကျန်းမာရေး စစ်ဆေးပေးခြင်း၊ သဘာဝနည်းဖြင့်ကုသပေးခြင်း၊ ညအချိန်၌ကျန်းမာရေး ပညာပေး ဟောပြောခြင်း အစီအစဉ်များကိုပြုလုပ်ခဲ့ကြောင်း။

ထိုအစီအစဉ်တွင် အလယ်ပိုင်းတိုင်း၊ ကျန်းမာရေးသာသနာဌာနညွှန်ကြားရေးမှူး ပါစတာဟေရှာယမှဦးဆောင်လျက် ဆရာလေးကပေါ်၊ ဆရာမခင်မျိုးမြင့်၊ ဆရာ အောင်ဇော်မင်းနှင့်ရှမ်းပြည်အရှေ့ပိုင်း၌တာဝန်ကျသော ASAP အမှုဆောင်ဆရာ၊ ဆရာမများအပြင် သာမန်အသင်းသူ၊ အသင်းသားများဖြစ်သောကျိုင်းတုံမြို့မှ ဦးမိုးဇက်နှင့် မိုင်းဖြတ်မှ ဆရာမဟောင်ခက်တို့လည်းပါဝင်ဆက်ကပ်ကြကြောင်း။

ဒေသခံတိုင်းရင်းသားများဖြစ်သည့် အမ်လူမျိုး၊ အာခါလူမျိုး၊ လားဟူလူမျိုးများနှင့် အခြားတိုင်းရင်းသာများတို့သည် ဤကျန်းမာရေးစောင့်ရှောက်မှုနှင့်ကျန်းမာရေးပညာပေး ဟောပြောပွဲများကို အလွန်နှစ်သက်ခွန်အားရရှိပြီး နောက်ထပ်တဖန် အစီအစဉ်များ ပြုလုပ်ပေးရန် တောင်းဆိုခဲ့ကြကြောင်း။

ကျန်းမာရေးသာသနာလုပ်ငန်းအားဖြင့် အထက်ဖော်ပြပါ ဒေသ (၃)ခုတွင် ဧဝံဂေလိတံခါးဖွင့်လှစ်လျက်ရှိကြောင်း၊ သတင်းရရှိပါသည်။

ဘုရားရှင်၏နာမတော် ဘုန်းကြီးပါစေ။

ဆရာဦးဟေရှာယ၊ ညွှန်ကြားရေးမှူး
အလယ်ပိုင်းတိုင်းကျန်းမာရေးသာသနာဌာန




## "Medical Missionary Summit"

မြန်မာယူနီယံကျန်းမာရေးဌာန ညွှန်ကြားရေးမှူး ဆရာဦးဆဲနေ၊ ဒေါက်တာဦးဟန်ထွန်းဇော်နှင့်ရန်ကုန်တိုင်းကျန်းမာရေးဌာနညွှန်ကြားရေးမှူးဒေါ်ဆောင်းဝေဝေတို့ သုံးဦးသည် မေလ ၂၂ ရက်မှ ၂၅ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းတွင် ကျင်းပပြုလုပ်သော "Division Wide Medical Missionary Summit" သို့ မြန်မာပြည်ကိုယ်စားများအဖြစ်တက်ရောက်ခဲ့ပြီး ကျန်းမာရေးအသိပညာနှင့်လုပ်ဆောင်မှုပေါင်းများစွာကို လေ့လာသင်ယူရရှိခဲ့ကြောင်း။

အောက်ပါသင်ခန်းစာများကို ထိုအစည်းအဝေးတွင်ပို့ချခဲ့ကြောင်းသတင်းရရှိပါသည်။

1. Comprehensive Health Ministry

2. Healthy Lifestyle

3. Hospital as Center of Influence

4. Creating a Healthy Culture

5. Alternative Medicine စသည့်ဖေါ်ပြပါသင်တန်းများကိုသင်ကြားရယူခဲ့ကြောင်း သတင်းရရှိပါသည်။




"A.W.R.မျှော်လင့်ခြင်းအသံအဖွဲ့ သောတရှင်များထံ အလည်အပတ်သွားခြင်း"

၂၀၁၇ ခုနှစ်၊ မေလ ၁၂ ရက်မှ ၁၃ ရက်နေ့အထိ မြန်မာယူနီယံသာသနာ့ဆက်သွယ်ရေးဌာနညွှန်ကြားရေးမှူး Pr. ဦးရှိုင်းသာဒွေးဦးဆောင်လျက် A.W.R. မျှော်လင့်ခြင်းအသံအဖွဲ့သူအဖွဲ့သားများသည် ဧရာဝတီတိုင်းဒေသကြီးသို့ ခရီးထွက်ကာ သောတရှင်များထံသွားရောက်အလည်အပတ်ပြုခဲ့ကြောင်း။

အဆိုပါခရီးစဉ်တွင် မြန်အောင်မြို့နယ်ရှိ ဖက်ဝင်းကုန်းကျေးရွာ၌အသင်းသားတစ်ဦးဖြစ်သူ ဦးဖရိုင်းဒေးမိသားစုမှဖိတ်ကြားချက်အရ အိမ်သစ်တက်မင်္ဂလာဝတ်ပြုစည်းဝေးတွင် Pr. ဦးရှိုင်းသာဒွေးမှ တရားဒေသနာဝေငှပေးခဲ့ပြီး မြန်အောင်မြို့နယ်ရှိ အစယ်အသင်းတော်တွင် ဥပုသ်နေ့ဝတ်ပြုစည်းဝေးချိန်တွင် အတူတကွဝတ်ပြုခဲ့ကြကြောင်း၊ ထိုအသင်းတော်ဘုရားကျောင်းတွင် နေ့လည်တရားဟောအစီအစဉ်တွင် Pr. အောင်နေလင်း (AWR Pwo Karen Producer) က တရားဒေသနာဝေငှခဲ့ကြောင်း။

ထို့နောက် အစယ်အသင်းတော်မှတဆင့် ထူးကြီးမြို့ရှိ အသင်းသားအိမ်သို့ သွားရောက်လည်ပတ်ကာဆုတောင်းပေးခဲ့ကြောင်း၊ ညနေ ၅ နာရီခန့်တွင် ထူးကြီးမြို့မှ

ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ကြကြောင်း သတင်းရရှိပါသည်။



## "ကွမ်းခြံကုန်းတရားပွဲ"

၂၀၁၇ ခုနှစ်၊ မေလ ၅ ရက်မှ ၁၃ ရက်နေ့အထိ၊ ဧရာဝတီတိုင်းဒေသကြီး၊ ကွမ်းခြံကုန်းတွင် တရားပွဲတစ်ခုကျင်းပခဲ့ကြောင်း။

ထိုတရားပွဲတွင် ပါစတာဦးစေးလွင်မှဦးဆောင်ပြီး နယ်အသင်းတော်ဆရာ ဝေထူး နှင့်ဆရာမအေးအေးခိုင်တို့လည်းပါဝင်ဆက်ကပ်ခဲ့ကြောင်း။ အဆိုပါတရားပွဲအပြီးတွင် ဝိညာဉ် (၅) လုံးရိတ်သိမ်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။



## “ဘဏ္ဍာစိုးဆိုင်ရာခေါင်းဆောင်မှုသင်တန်း”

မေလ ၈ ရက်နေ့မှ ၁၂ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ၊ ဘာလီကျွန်းရှိ "Kuta Central Park Hotel" ၌ ဘဏ္ဍာစိုးဌာနညွှန်ကြားရေးမှူးများအတွက် ခေါင်းဆောင်မှုဆိုင်ရာလက်မှတ်ရ သင်တန်းအဆင့် (၂) ကိုပြုလုပ်ကျင်းပခဲ့ကြောင်း၊ အဆိုပါ သင်တန်းတွင် SSD အတွင်းရှိ ယူနီယံ/မစ်ရှင်အသီးသီးမှ ဘဏ္ဍာစိုးဌာနညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး သင်တန်းဆင်းလက်မှတ်များ ရရှိခဲ့ကြောင်း။

အဆိုပါသင်တန်းတွင် ကမ္ဘာ့ဌာနချုပ်မှ ဘဏ္ဍာစိုးဌာနညွှန်ကြားရေးမှူးဖြစ်သည့် Pastor Marcos Faiock Poomfim နှင့် လက်ထောက်ညွှန်ကြားရေးမှူးဖြစ်သော Pastor Hiskiah Missah တို့ကဦးဆောင်၍ သင်တန်းပို့ချခဲ့ကြောင်း။ သင်တန်း၏ဆောင်ပုဒ်မှာ "God First" ဖြစ်ကြောင်း။

မည်သည့်နေရာတွင်နေနေ၊ မည်သည့်အရာကိုဘဲလုပ်လုပ်၊ ဘုရားသခင်အား “ပထမ” နေရာတွင်သာထားရန် သင်ကြားပေးခဲ့ကြောင်း၊ သတင်းရရှိပါသည်။

အမှုတော်မြတ်၌

ပါစတာကိုင်ခန့်ခွာလ်၊ ညွှန်ကြားရေးမှူး
မြန်မာယူနီယံဘဏ္ဍာစိုးဌာန



# “တရားပွဲမှအံ့ဖွယ်သတင်း”

၂၀၁၇ ခုနှစ် မေလ ၁၇ ရက်မှ ၂၇ ရက်နေ့အထိ အလယ်ပိုင်းတိုင်း၊ ခုန်တိုင်ကျေးရွာတွင် ဘဏ္ဍာစိုးဌာနမှဦးဆောင်သည့်တရားပွဲတစ်ခုပြုလုပ်ကျင်းပခဲ့ကြောင်း။

အဆိုပါတရားပွဲကို မြန်မာယူနီယံဘဏ္ဍာစိုးဌာနညွှန်ကြားရေးမှူး ပါစတာ ကိုင်ခန့်ခွာလ်ကဦးဆောင်ပြီး သရက်နယ်အမှုဆောင်များပူးပေါင်းလုပ်ဆောင်ကြပါ ကြောင်း၊ အဆိုပါတရားပွဲတွင်ဖြစ်ပေါ်ခဲ့သောစာတန်မာန၏နှောင့်ယှက်မှုအမျိုးမျိုးမှ ဘုရားသခင်ကာကွယ်ကယ်လွှတ်မှု၊ အံ့ဖွယ်အောင်မြင်မှုများစွာရှိခဲ့ကြောင်း။

(၁) အင်တာနက်သတင်းအရ မေလ ၂၁ ရက်နှင့် ၂၂ ရက်တွင်လေမုန်တိုင်းပြင်းထန်မည်ဖြစ်ကြောင်း၊ သို့သော် ဘုရားကျေးဇူးတော်ကြောင့် ခုန်တိုင်ကျေးရွာတွင်လေမတိုက်၊ မိုးမရွာခဲ့ကြောင်း။

(၂) တဖန် မေလ ၂၅ ရက်နှင့် ၂၆ ရက်တွင် ပြင်းထန်သောမုန်တိုင်းသတင်းထပ်မံထွက်ပေါ်လာပြီး ခုန်တိုင်နှင့်မနီးမဝေးရှိ သရက်နယ်ဖက်တွင်မိုးသည်းထန်စွာ ရွာသွန်းသော်လည်း ခုန်တိုင်ကျေးရွာတွင်မူ မိုးလုံးဝမရွာခဲ့ကြောင်း။ တရားပွဲပြီးဆုံး၍ အဖွဲ့သူအဖွဲ့သားများ ရွာမှပြန်လည်ထွက်ခွာပြီးနောက် မေလ ၂၈ ရက်နေ့မှစပြီး လေနှင့်မိုးပြင်းထန်စွာရောက်ရှိလာကြောင်း။

(၃) မေလ ၂၅ ရက်ည ပါစတာ ကိုင်ခန့်ခွာလ်တရားဟောနေစဉ် အသင်းသူဒေါ်မိခိုင် ဆိုသူသည် နေမကောင်းဘဲ တက်နေသောကြောင့် တရားဟောအပြီးတွင် ဆရာအချို့ သွားရောက်ဆုတောင်းပေးကြကြောင်း။

ထိုနေရာရောက်ရောက်ချင်း ပါစတာ ကိုင်ခန့်ခွာလ်ကစတင်ဆုတောင်းပေးကြောင်း၊ မိနစ်အနည်းငယ်ကြာသည့်အခါ ပါစတာလက်လန်းက ဆက်လက်ဆုတောင်းပေးခဲ့ကြောင်း၊ ထိုနောက် ဆရာဖုန်းမြင့်က ဤလူနာသည် ရိုးရိုးဖျားပြီးတက်နေခြင်းမဟုတ်ဘဲ စာတန်မာနအလုပ်လုပ်ကာနတ်ဆိုး ပူးနေခြင်းဖြစ်မည်ဟုပြောပြီး လူနာ၏ခေါင်းပေါ်သို့ကျမ်းစာအုပ်တစ်အုပ်ကိုတင်လိုက်ကြောင်း၊ ပါစတာ ကိုင်ခန့်ခွာလ်က ကျမ်းစာဖွင့်ပြီးဖတ်ကာ ပရိသတ်အားလုံးအတူတကွ ဆုတောင်းရန်တောင်းဆိုလျက် ထိုနေရာရှိလူများအားလုံးပါဝင်ဆုတောင်းခဲ့ကြကြောင်း၊

ပါစတာ ကိုင်ခန့်ခွာလ် ဆုတောင်းလေ၊ လူနာမှာရုန်းကန်လေဖြစ်သောကြောင့် ပါစတာ ကိုင်ခန့်ခွာလ်က လူနာလက်ကိုတင်းတင်းဆုပ်ကိုင်လျက်အသံကျယ်ဖြင့်ဆုတောင်းခဲ့ကြောင်း၊ ထိုသို့ဆုတောင်းနေစဉ် လူနာ၏နှုတ်မှစကားပြောလာခဲ့ကြောင်း၊ “ငါမလိုက်ဘူး၊ မလိုက်ဘူး၊ နင်ထွက်သွားတော့” ဟုပြောခဲ့ကြောင်း၊ ထိုသို့ပြောပြီးနောက် သူမသည် နဂိုပကတိပြန်ကောင်းလာကြောင်း။

သူမဤသို့ဖြစ်ရခြင်းအကြောင်းကိုမေးသည့်အခါ သူမသည်လွန်ခဲ့သော (၃)

ရက်မှစပြီး သေလွန်သွားပြီးသား အစ်ကို ကိုအိပ်မက်မက်ကာ သူမအစ်ကို "ဗိုက်ဆာတယ်" ဟုသူမကိုပြောခဲ့ကြောင်း။ ထို့ကြောင့်သူမကလည်း ညအချိန်အိပ်ခါနီးတွင် ထမင်းအိုးကိုဖွင့်ထားပေးခဲ့ကြောင်း။ ထိုသို့ပြုလုပ်ခြင်းက စာတန်ကိုဖိတ်ခေါ်သကဲ့သို့ ဖြစ်ခဲ့ကြောင်း။ ဤစာဖတ်သူများအနေဖြင့် သတိပြုသင့်သည်မှာ လူသည်သေပြီးလျှင် ဘာမျှမသိကြောင်း။

နောက်ဆုံးတွင် စာတန်၏နှောင့်ယှက်မှုကြားမှ ဘုရားသခင်၏ကာကွယ်မှုကြောင့် မေလ (၂၇) ရက် ဥပုသ်တော်နေ့တွင် ဝိညာဉ်ပေါင်း (၂၁) လုံးကို ရိတ်သိမ်းနိုင်ခဲ့ကြောင်း၊ ဖြစ်ပျက်ခဲ့သည့်အရာများအားလုံးသည် ဘုရား၏နာမတော်ထင်ရှားစေခြင်းသာဖြစ်ကြောင်း  သတင်းရရှိပါသည်။

အမှုတော်မြတ်၌

ပါစတာကိုင်ခန့်ခွာလ်၊ ညွှန်ကြားရေးမှူး

မြန်မာယူနီယံဘဏ္ဍာစိုးဌာန



## "အလယ်ပိုင်းတိုင်းသာသနာအမျိုးသမီးခေါင်းဆောင်မှုသင်တန်း"

အလယ်ပိုင်းတိုင်းသာသနာ၊ ဖဒိုမြို့အသင်းတော်တွင် ၂၀၁၇ ခုနှစ်၊ မေလ၌ ဖဒိုနယ်အတွင်းရှိအမျိုးသမီးများအတွက်ခေါင်းဆောင်မှုသင်တန်း-အမှတ်စဉ် (၁) ကို ပြုလုပ်ကျင်းပခဲ့ကြောင်း။

အလယ်ပိုင်းတိုင်းအမျိုးသမီးသာသနာဌာနညွှန်ကြားရေးမှူးဖြစ်သူ ဆရာမ ဂွန်နော်မှဦးဆောင်ပြီး ဘဏ္ဍာရေးမှူး ဆရာသာထွန်းအေး၊ ဆရာမထွေးရီ၊ အက်စတာအေး

တို့မှဆက်ကပ်ပါဝင်သင်တန်းပို့ချပေးခဲ့ကြောင်း၊ သင်တန်းတက်ရောက်သူ အမျိုးသမီး ပေါင်း (၆၀) ရှိကြောင်း သတင်းရရှိပါသည်။




## "ဥပုသ်နေ့၌မဖြေသော်လည်းအောင်မြင်ခဲ့သည့်စာမေးပွဲ"

ကျွန်မ၏သမီး Ning Lian Dim (Dimnu) သည် အိန္ဒိယနိုင်ငံ၊ မဏိပူရနယ်၊ Blue Star Academy ကျောင်းတွင်ပညာသင်ကြားခဲ့ပါသည်။ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အစိုးရစစ် (၁၂) တန်း Grade 12 အတန်းတင်စာမေးပွဲဖြေဆိုရန် အချိန်ဇယားထွက်လာသောအခါ ရူပဗေဒ Physics ဘာသာရပ်ကို ဥပုသ်နေ့တွင် ဖြေဆိုရန် ရေးဆွဲထားသည်ကိုတွေ့ရသည်။ သမီး Dimnu သည် သိပ္ပံဘာသာတွဲယူထားသောကြောင့် ထိုဘာသာသည်မပျက်မကွက်ဖြေဆိုရမည့်ဘာသာဖြစ်သည်။

အချိန်ဇယားပြန်ပြောင်းနိုင်ရန် ဘုရားရှင်ထံအကြိမ်ကြိမ်ဆုတောင်းခဲ့သည်။ သို့သော် အဖြေမှာ မထူးခြားလာပါ။ ထို့ကြောင့် ဥပုသ်နေ့၌ဖြေဆိုရမည့် ရူပဗေဒ ဘာသာကို မဖြေဆိုခဲ့ပေ။ ဘုရားရှင်လက်ထဲအပ်နှံခဲ့သည်။

အောင်စာရင်းထွက်လာသောအခါ စဉ်းစား၍မရနိုင်လောက်အောင်အံ့ဖွယ် ထူးဆန်းမှုဖြစ်ခဲ့သည်။ ဘုရားရှင်၏ကျေးဇူးတော်ကြောင့် ရူပဗေဒဘာသာကို မဖြေဆိုခဲ့သော်လည်း သမီး Ning Lian Dim (Dimnu) သည် ထူးချွန်မှတ်ဖြင့် အောင်မြင်ကြောင်း အစိုးရစာစစ်အဖွဲ့၏မှတ်ချက်တွင်တွေ့ရှိခဲ့ရသည်။ ဤကဲ့သို့အောင်စာရင်းမျိုး မရှိခဲ့ဘူးကြောင်း၊ ကျောင်းအုပ်ကြီးမှလည်းပြောကြားခဲ့သည်။ မဖြစ်စဘူး အခွင့်ထူး တစ်ရပ်ဖြစ်သည်။ စိတ်ကြိုက်လိုင်း ရွေးချယ်နိုင်ရန် အစိုးရသတ်မှတ်သည့် ရက်၌ရူပဗေဒဘာသာကို

ပြန်လည်ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ဘုရားရှင်၏နာမတော်သာ၍ဘုန်းကြီးပါစေ။ အာမင်။

"ငါ့ကိုခေါ်လော့၊ ငါထူးမည်။ ကြီးသောအရာ၊ သင်မသိနိုင်အောင် နက်နဲသောအရာတို့ကို ငါပြမည်။" (ယေရမိ ၃၃း၃)

ဥမ္မာစံ (Mrs. Kham Khan Lian)
UMM SI/WM/ChM/FM Director



"အနီးစခန်းအသင်းတော်နှစ်ခြင်းမင်္ဂလာ"

၂၀၁၇ ခုနှစ်၊ မေလပထမပတ်၌ ဆရာတော် Kham Khan Lian အသင်းအုပ်ဆရာအဖြစ်တာဝန်ထမ်းဆောင်သည့် အနီးစခန်းအသင်းတော်တွင် ဝိညာဉ် (၃) လုံးရိတ်သိမ်းခဲ့ကြောင်း။

ထိုနှစ်ခြင်းမင်္ဂလာအစီအစဉ်ကို အထက်မြန်မာပြည်တိုင်း ဓမ္မစာပေဌာနညွှန်ကြားရေးမှူးဖြစ်သူ Pr. Kham Suan Mung ကဦးဆောင်နှစ်ခြင်းပေးခဲ့ကြောင်း သတင်းရရှိပါသည်။



## “ကလေး၊ တာဟန်းနယ် တရားပွဲ”

၂၀၁၇ ခုနှစ်၊ မေလ ၁၇ ရက်နှ ၂၇ ရက်နေ့အထိ အထက်မြန်မာပြည်တိုင်း၊ ကလေးသာသနာနယ်၊ တာဟန်းနယ်၊ Zonuam ကျေးရွာတွင် တရားပွဲတစ်ခု ကျင်းပခဲ့ကြောင်း၊

ထိုတရားပွဲတွင် ဆရာ Lal Ruatliana နှင့် Pr. ဖွန်ခါတို့ဦးဆောင်ပြီး နယ်အမှုဆောင်များနှင့် အသင်းသူ အသင်းသားများပါဝင်ဆက်ကပ်ခဲ့ကြောင်း၊ ထိုတရားပွဲအပြီးတွင် ဗိညာဉ် (၁၁) လုံးရိတ်သိမ်းနိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။



## “ Y.A.S ရန်ကုန်ဓမ္မကျမ်းစာကျောင်းဆောက်လုပ်ပြီးစီးမှုအခြေအနေ”



"မြောင်းမြမဗ္ဗတက္ကသိုလ်
တိုးချဲ့အမျိုးသမီးဆောင်ဆောက်လုပ်ပြီးစီးမှုအခြေအနေ"



"ကျန်းမာရေးစစ်ဆေးခြင်းနှင့်ပညာပေးဟောပြောခြင်း"

၃၀. ၅. ၂၀၁၇ တွင် သဃ်န်းကျွန်းဗိဂန်စင်တာ၌ ဆရာဦးဆဲနေ၊ ဆရာမစိုးစန္ဒာ၊ ဆရာမမိုးသူဇာတို့မှ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးအတွက် ဆောင်ရန်၊ ရှောင်ရန် များကိုပြောကြားပေးပြီး စီပိုးစစ်ဆေးပေးမှုများ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



# “သတ္တမနေ့အသင်းတော်မှ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ”

မြန်မာပြည်သတ္တမနေ့အသင်းတော်မှစီးပွားရေးလုပ်ငန်းရှင်များ(ASI)၏ ရှေ့ဆက်လမ်းစဉ်တိုးတက်အကောင်အထည်ဖော်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့်ဘုရားသခင်အမှုတော်၌ထိရောက်စွာပါဝင်နိုင်ရေးအတွက် တိုင်ပင်ဆွေးနွေးပွဲကို ရန်ကုန်မြို့နှင့်မန္တလေးမြို့များတွင်ကျင်းပပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။





“သမ္မာကျမ်းစာသည် . . . ”

ကျွန်ုပ်တို့အတွက် . . . . . . . . . . . မီးခွက်
ကျွန်ုပ်တို့၏လမ်းခရီးအတွက် . . . အလင်း
ကောင်းကင်ခရီးအတွက် . . . . . . လမ်းညွှန်
လူငယ်အတွက် . . . . . . . . . . . . လမ်းပြ
ရင့်ကျက်သူအဖို့ . . . . . . . . . . . ခွန်အား
သက်ကြွယ်သူတို့အတွက် . . . . . နှစ်သိမ့်ခြင်း
ဆာငတ်မွတ်သိပ်သူတို့အတွက် . . အစာအဟာရ
ရေငတ်သူတို့အဖို့ . . . . . . . . . . သက်စမ်းရေ
နွမ်းနယ်သူတို့အတွက် . . . . . . . နားခိုရာ
ပျောက်ဆုံးနေသူအတွက် . . . . . အိမ်မြှောင်
အပြစ်သားအတွက် . . . . . . . . . . ကယ်တင်ခြင်း
ခရစ်ယာန်အဖို့ . . . . . . . . . . . . . ကျေးဇူးတော် . . ဖြစ်ပါသည်။

## "မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းမှ ထုတ်ဝေထားသောလက်ကမ်းစာစောင်"

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ၂၀၁၁ ခုနှစ်ထုတ်ပြန်တဲ့အစီရင်ခံစာအရ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်မှာ ကင်ဆာအဖြစ်ဆုံး ၁၀ နိုင်ငံထဲမှာ နံပါတ် ၂ နေရာကို ရောက်နေပြီး ကင်ဆာဖြစ်စေတဲ့အဓိကအကြောင်းရင်းတွေကတော့ -

၁။ ကင်ဆာကြောက်ရင် ပလတ်စတစ်နဲ့ဖော့ဘူးရှောင်။

၂။ အချဉ်ရည်နဲ့ကင်ဆာရောဂါ။

၃။ နှာခေါင်းကင်ဆာ၊ အဆုတ်ကင်ဆာနဲ့အသက်ရှူလမ်းကြောင်းကင်ဆာတွေ ဖြစ်ပွားစေတဲ့ ခြင်ဆေးခွေ။

၄။ အချိုရည်နဲ့ဂျယ်ရီများ။

၅။ မယ်လမင်း (ဖိုက်ဘာ)ပစ္စည်းများ။

၆။ တရုတ်နို့မှုန့်နဲ့ဒင်းနှင့်ပြုလုပ်သောမုန့်များ။

၇။ ကော်ဖီမစ်များ။

၈။ အရောင်ချွတ်ထားသောအစားအသောက်များ။

၉။ ရောင်စုံဆိုးဆေးများနှင့်အစားအသောက်များ။

၁၀။ သတိထားသင့်သောအသီးအနှံများ - အဆမတန်ကြီးထွားနေသော အသီးအရွက်များ၊ ဆေးဖျန်းထားသည့်အသီးအနှံများ။

၁၁။ ပဲဆီ၊ နှမ်းဆီအတုများ ကင်ဆာရောဂါသတိထား။

၁၂။ အချိုမှုန့်နဲ့ကြက်သားမှုန့်များ။

## "သံတမန်ဆက်ဆံရေးထူထောင်ရန် မြန်မာနှင့်ဗာတီကန်သဘောတူ"

သံတမန်ဆက်ဆံရေးအပြန်အလှန်တည်ထောင်သွားရန် မြန်မာနှင့်ဗာတီကန်တို့ ၂၀၁၇ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် တရားဝင်သဘောတူညီခဲ့ကြသည်ဟု ဗာတီကန် က ကြေငြာခဲ့ကြောင်း၊ ဗာတီကန်က ရန်ကုန်တွင်အမြဲတမ်းသံတမန်ကိုယ်စားလှယ်တစ်ဦးခန့်အပ်မည်ဖြစ်ကာ မြန်မာအစိုးရကလည်း ဗာတီကန်တွင် သံရုံးဖွင့်လှစ် သွားမည်ဖြစ်ကြောင်း၊ ဥရောပသို့ရောက်ရှိနေသည့်နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်ပုပ်ရဟန်းမင်းကြီးဖရန်စစ်တို့တွေ့ဆုံပြီးနောက် ယခုကြေညာချက်ပေါ်ထွက်လာကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ၁ ဒသမ ၃ ဘီလျံ ခန့်ရှိသည့် ကက်သလစ် ဘာသာဝင်များ၏ခေါင်းဆောင်ဖြစ်သော ပုပ်ရဟန်းမင်းကြီး နှင့် မိနစ် ၂၀

ခန့်တွေ့ဆုံခဲ့ကြောင်း၊ ၎င်းနောက် ပုပ်ရဟန်းမင်းကြီးက ကြေးဖြင့်ပြုလုပ်ထားပြီး သဲကန္တာရထဲတွင် ပန်းများပွင့်နေသည့်ရုပ်ပုံပါရှိသောအမှတ်တရတံဆိပ်ကို ဒေါ်အောင်ဆန်းစုကြည်အားလက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း၊

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့်သံတမန်ဆက်ဆံမှုတိုးချဲ့ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဗာတီကန်မြို့ပြနိုင်ငံသည် မြန်မာနိုင်ငံ၏ (၁၁၈) နိုင်ငံမြောက်သံတမန်အဆက်အသွယ်ထူထောင်သည့်နိုင်ငံဖြစ်ကြောင်း သတင်းရရှိပါသည်။



## "သတိ၊ အနာဂတ္တိစကားပြည့်စုံပြီ။" (Warning: Prophecy Fulfilled)

၂၀၁၇ ခုနှစ်၊ စက်တင်ဘာလတွင် ပရိုတက်စတန့်ပြောင်းလဲ/တော်လှန်ခြင်း နှစ် ၅၀၀ ပြည့် နှစ်ဖြစ်ပါသည်။ သို့သော် တိုက်တိုက်ဆိုင်ဆိုင် မာတင်လူသာမှစတင်ခဲ့သည့် ဤတော်လှန်ရေးကြီးသည်လည်း ယခုနှစ် ၂၀၁၇ ခုနှစ်တွင် တရားဝင်အဆုံးသတ်သွားတော့မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် တော်လှန်သူ လူသရမ်အသင်းတော်နှင့်အခြားပရိုတက်စတန့်အသင်းတော်များသည် ဗာတီကန်အသင်းတော်နှင့် တရားဝင်ပြန်လည်ပေါင်းစည်းတော့မည်ဖြစ်သည်။

မည်သို့ဖြစ်မည်ကိုစဉ်းစားကြည့်ပါ။ ဤစည်းလုံးမှုစာရွက်စာတမ်းများကို လက်မှတ်ရေးထိုးပြီးနောက်တွင် သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်မှလွဲ၍ အခြားတော်လှန်သူ ပရိုတက်စတန့်အသင်းတော် တစ်ခုမျှရှိတော့မည်မဟုတ်ပါ။ ရှေးအတိတ်ကာလကဖြစ်ခဲ့သလို အများနှင့်တစ်ယောက် ပြန်ဖြစ်တော့မည်ဖြစ်သည်။

ကမ္ဘာလောကကြီးတစ်ခုလုံးမှ ကျွန်ုပ်တို့သတ္တမနေ့မြော်လင့်ခြင်း အသင်းတော်ကို မျက်လုံးဒေါက်ထောက်ကြည့်နေကြတော့မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗာဗုလုန် စည်းလုံးခြင်းကို ဆန့်ကျင်လျက်ရပ်တည်သွားမည့် တစ်ခုတည်းသော အသင်းတော်ဖြစ် ပါသည်။

ကျွန်ုပ်တို့၏မျက်စိရှေ့မှာပင် အနာဂတ္တိစကား ပြည့်စုံခဲ့ပါပြီ။

**သတ္တမနေ့မြော်လင့်ခြင်းအသင်းသူအသင်းသားတိုင်းပြုလုပ်ရမည့်အရာ(၄) ခု။**

၁။ ယေရှုခရစ်တော်နှင့်ပိုမိုနီးကပ်စွာနေပြီး ဘုရား၏တံဆိပ်တော်ကိုလက်ခံရန်။ (ဗျာဒိတ် ၇း၁-၄)

၂။ အသင်းတော်၏စုပေါင်းအစည်းအဝေးတိုင်းတွင်မပျက်မကွက်ပါဝင်ရန်။ (ဟေဗြဲ ၁၀း၂၅)

၃။ ကောင်းကင်တမန်သုံးပါးသတင်းစကားကို ကမ္ဘာသို့ကြွေးကြော်ခြင်းနှင့် ဗာဗုလုန် မြို့တွင်းမှထွက်လာရန်သတိပေးခြင်းလုပ်ငန်းများတွင် တက်ကြွစွာပါဝင်လှုပ်ရှားကြရန်။ (ဗျာဒိတ် ၁၄း၆-၁၂၊ ၁၈း၄)

၄။ ဤအနာဂတ္တိစကားသည်လျှင်မြန်စွာပြည့်စုံလာနေပြီးဖြစ်သောကြောင့် သတ္တမနေ့ မြော်လင့်ခြင်းအသင်းသူအသင်းသားတိုင်းသို့ ဤသတင်းစကားကိုဝေငှပေးရန်။ ထို့ပြင် ဤ သတင်းစကားကို လုံးဝမကြားဖူးသေးသူများထံလည်းဝေငှပေးရန်။

ယနေ့ကမ္ဘာကြီးမည်သို့ဖြစ်နေပြီနည်း?

၁။ တောင်အာဖရိကတွင် အိမ်ထောင်ရေးဖောက်ပြန်မှုကို ခွင့်ပြုထားပြီးဖြစ်သည်။ အိမ် ထောင်ရေးဖောက်ပြန်သဖြင့် လင်မယားကွာရှင်းခြင်း ဥပဒေ/အခွင့်အရေးမျိုးမရှိတော့ချေ။

၂။ အမေရိကန်နိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးကောင်းမွန်ရန် လိင်တူ အိမ်ထောင် ပြုခြင်းကို ကမ္ဘာ့နိုင်ငံကြီးတိုင်းသည် လက်တွေ့လက်ခံကျင့်သုံးရန် အတည်ပြုထားသည်။ (မိန်းမ + မိန်းမ = ၁ (သို့) အမျိုးသား + အမျိုးသား = ၁)

၃။ ဂျာမဏီနိုင်ငံအနေဖြင့်လည်း မကြာမီအချိန်က ဥပဒေသစ်တစ်ခုကို လက်မှတ်ရေး ထိုးခဲ့သည်။ ထို ဥပဒေမှာ သွေးနီးသည့်မိသားစု၊ သွေးရင်းသားရင်းမရှိတော့ဘဲ မိသားစု များသွေးရင်းစပ်ယှက်မှုကျူးလွန်နိုင်သည့်ဥပဒေဖြစ်သည်။ ဥပမာ - မောင်နှင့်နှမ အိမ်ထောင်ပြုခြင်း၊ အမေနှင့်သူမ၏သား၊ အဖေနှင့်သူ၏သမီး၊ စသည်ဖြင့်။

၄။ မီယာမီမြို့ကို ယခုအချိန်တွင် လူထုအတွင်းလိင်ဆက်ဆံခွင့်ပြုသည့်မြို့အဖြစ် ကြော် ငြာချက်ထုတ်ထားပြီးဖြစ်သည်။ ဆိုလိုသည်မှာ လမ်းပေါ်တွင်ဖြစ်စေ၊ ဘုရားကျောင်းတွင် ဖြစ်စေ၊ ဈေးတွင်း၌ဖြစ်စေ၊ ဘောလုံးကွင်း၌ဖြစ်စေ၊ သင်၏စိတ်ဆန္ဒရှိသလို မည်သည့် နေရာတွင်မဆို လိင်ဆက်ဆံမှုပြုနိုင်သည်။

၅။ ကနေဒါနိုင်ငံတွင်လည်း လူနှင့်တိရစ္ဆာန် လိင်ကာမဆက်ဆံမှုကို ခွင့်ပြုထားသည်။ စပိန်နိုင်ငံတွင် ညစ်ညမ်းရုပ်ရှင်များကို အထက်တန်းကျောင်းနှင့်တက္ကသိုလ်များတွင် ပြသခွင့်ပြုထားသည်။
၆။ သက်ငယ်ပြည့်တန်ဆာလုပ်ငန်းနှင့်ပတ်သက်၍ မာ့ဂ်လုကာ (Marg Luker) က ပြောဆိုသည်မှာ မည်သည့်သက်ငယ်မိန်းကလေးမဆို အသက် ၁၀ နှစ်ပြည့်လျှင် လိင်ပျော်ရွှင်မှုအရသာကိုခံစားလိုလျှင် မည်သူကမျှဆန့်ကျင်တားဆီးခွင့်မရှိဘဲ သူမ အလိုဆန္ဒအတိုင်းကိုယ်ခန္ဓာကလုပ်ဆောင်ခွင့်ရှိသည်။
၇။ နောက်ဆုံးအနေဖြင့် အမေရိကန်နိုင်ငံသည် စာတန်အသင်းတော်ကို လူသိရှင်ကြားဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်သည်။

ချစ်သော ညီအစ်ကိုမောင်နှမများတို့၊ အဆုံးသည်ရောက်လုပြီ။ ဘုရား၏ဘုန်းတော်ထွက်ခွာသွားမည့်အချိန်ရောက်လုပြီ။

ယေရှုကြွလာလုပြီ။ မာရာနာသာ! ခရစ်ယာန်များသည် ယခုအာရုံထွေပြားနေကြပြီ။ စာတန်နတ်ဆိုးသည် ဘုရားသခင်၏ဂရုဏာတော်ရပ်တန့်သွားသည်အထိ အသက်ဝိညာဉ်များနိုင်သမျှများစွာ သူ့ထံသို့ရောက်ရှိရန်ဆွဲယူလိုပါသည်။

သင့်အနေဖြင့် အချိန်တစ်မိနစ်ခန့်ရှိပါက . . .
အောက်ပါ သတင်းစကားများကိုဝေငှပေးပါ။

♥ ကျွန်ုပ်တို့သည် အဘယ်ကြောင့် ဘုရားကျောင်းတွင်အိပ်နေသော်လည်း စားသောက်ဆိုင်များ၊ ဘားဆိုင်များတွင် တက်ကြွလန်းဆန်းနေကြပါသနည်း?

♥ ကျွန်ုပ်တို့သည် အဘယ်ကြောင့် ဘုရားအကြောင်းပြောရန် အလွန်ခက်ခဲနေတတ်ပြီး အတင်းအဖျင်းပြောရန် အလွန်လွယ်ကူနေရပါသနည်း?

♥ ကျွန်ုပ်တို့သည် အဘယ်ကြောင့် ဘုရား၏သတင်းစကားကို ငြင်းပယ်ရန်လွယ်ကူသလောက် ညစ်ညမ်းသတင်းများပို့ရန် လွယ်ကူနေရပါသနည်း?

ယခုဤသတင်းစကားကို သင်၏မိတ်ဆွေသူငယ်ချင်းများထံပို့ပေးမည်လား? သင်ငြင်းဆန်မည်လား? ယေရှုပြောသည်မှာ "သင်သည် ငါ့ကို သင်၏မိတ်ဆွေရှေ့တွင် ငြင်းဆန်ပါက ငါသည် သင့်ကို ငါ့အဖခမည်းတော်ရှေ့တွင် ငြင်းပယ်မည်။"

အားလုံးအပေါ် ဘုရားရှင်ကောင်းကြီးချပေးပါစေ။ အာမင်။

------------- ။ -------------

“ထိမ်းမြားမင်္ဂလာသတင်း”

၁။ Hmingtei နှင့် Mya Moe

မတ်လ၊ ၂၀၁၇ ခုနှစ်။



၂။ Victor Brown နှင့် Naw Thin Thin Hmway

မေလ (၁ ) ရက်နေ့၊ ၂၀၁၇ ခုနှစ်။



၃။ Zaw Min Tun Than နှင့် Hay Mar Latt

မေလ (၁ ) ရက်နေ့၊ ၂၀၁၇ ခုနှစ်။




၄။ Saw Eh Do နှင့် Mai Hnin Palae Thwae

မေလ (၁ ) ရက်နေ့၊ ၂၀၁၇ ခုနှစ်။



၅။ Mg Zaw Thu နှင့် Ma May Thuzar

မေလ (၂၆ ) ရက်နေ့၊ ၂၀၁၇ ခုနှစ်။



"အထူးဆုတောင်းပေးရန်"

၁။ မြန်မာပြည်အသင်းတော်၌သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းကျရောက်ရန်။

၂။ အသင်းတော်ကိုဦးဆောင်နေသောခေါင်းဆောင်ကြီးများ (GC, Division, Union, Mission)၊ ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ (GC, Division, Union, Mission)၊ အမှုတော်ဆောင်များနှင့်အသင်းသူ/သားများအားလုံးအတွက် စည်းလုံးမှုရှိပြီး အမှုတော်မြတ်၌အတူတကွလက်တွဲလုပ်ဆောင်နိုင်ရန်။

၃။ ၂၀၁၇ ခုနှစ်၊ မြန်မာယူနီယံ၏သတ်မှတ်ထားသောပန်းတိုင်ပြည့်မှီရန်။

| | |
|---|---|
| ဝိညာဉ်ပန်းတိုင် | - ၅၀၀၀ |
| ဆယ်ဘို့တစ်ဘို့ပန်းတိုင် | - သိန်းပေါင်း နှစ်သောင်းတစ်ထောင် |
| အလှူငွေပန်းတိုင် | - သိန်းပေါင်း ငါးထောင်ငါးရာ |

၄။ "အသင်းသားတိုင်းပါဝင်အမှုတော်တွင်" ဆောင်ပုဒ်အရ အသင်းသားတိုင်း အမှုတော်သာသနာလုပ်ငန်းတွင်တက်ကြွစွာပါဝင်နိုင်ရန်။

၅။ ၂၀၁၇ ခုနှစ် တိုင်းနယ်အသီးသီးတွင်ပြုလုပ်မည့်တရားပွဲများအတွက်။

၆။ YAS ကျောင်းအဆောက်အဦး၊ MUAS အမျိုးသမီးဆောင်နှင့်အခြားဆောက်လုပ်နေသောအဆောက်အဦးများအတွက်။

၇။ ကံဘဲ့အမှုဆောင်အိမ်၊ တွံတေးဘုရားကျောင်းဆောက်လုပ်ခွင့်ရရှိရန်။

၈။ ဖျားနာသောသူများအတွက်။
(ထွန်းလှစိန်၊ ဒေါ်ရီးနီအုန်း၊ ဒေါ်ကြည်သာ၊ ဆရာ Sui Thang၊ Pr. Montana Paul၊ ဒေါ်ဖေါ၊ လင်းဆုထက်)

♥ ♥ ♥ ♥ ♥

## "ကြော်ငြာချက်များ"

၁။ ဤနှစ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှစ၍ တစ်လတစ်ကြိမ်သတင်းထုတ်ဝေဖြန့်ချိသွားမည်ဖြစ်သောကြောင့် အချိန်နှင့်တပြေးညီထုတ်ဝေဖြန့်ချိနိုင်ရန် မြန်မာယူနီယံ၏ သတင်းနှင့်နည်းပညာ (I.T.) တာဝန်ခံ (Thang Pau) ၏ (Facebook) တွင် လည်းကောင်း၊ (shinetha1961@gmail.com) သို့လည်းကောင်း၊ မိမိတို့၏တိုင်းနယ်တွင်ပြုလုပ်ခဲ့သောအကြောင်းအရာများကို ဓါတ်ပုံနှင့်တကွ တိုက်ရိုက်ပေးပို့ပါရန် အထူးမေတ္တာရပ်ခံအပ်ပါသည်။

၂။ မြန်မာပြည်လုံးဆိုင်ရာ သတ္တမနေ့အသင်းတော်၏ပြည်လုံးကျွတ်အစည်းအဝေးကြီးနှင့် သာသနာနှစ် ၁၁၅ နှစ်ပြည့်အထိမ်းအမှတ်အစည်းအဝေးပွဲကြီးကို လာမည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈-၁၁ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ရှိ ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီး၌ကျင်းပသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

ဤအစီအစဉ်များအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရန် ဝိုင်းဝန်းဆုတောင်းပေးကြပါရန်နှင့်အလှူငွေများစေတနာသဒ္ဒါတရားဖြင့်ထည့်ဝင်လှူဒါန်းပေးကြပါရန် လေးစားစွာမေတ္တာရပ်ခံအပ်ပါသည်။